## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် **၃၅ / ၂၀၂၁**

၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်

( ၂၀၂၁ ခုနှစ်၊ မတ်လ ၈ ရက် )

### အမျိုးသားစီမံကိန်းကော်မရှင် ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ **" အမျိုးသားစီမံကိန်းကော်မရှင် "** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဥက္ကဋ္ဌ<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဥက္ကဋ္ဌ<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ပြည်ထောင်စုဝန်ကြီး အားလုံး | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုရှေ့နေချုပ် | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုစာရင်းစစ်ချုပ် | အဖွဲ့ဝင် |
| (စ) | ဥက္ကဋ္ဌ<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (ဆ) | ဥက္ကဋ္ဌ အားလုံး<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်<br>စီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| (ဇ) | ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန | အတွင်းရေးမှူး |

၂။ အမျိုးသားစီမံကိန်းကော်မရှင် ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်၏ မူ အရ ဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းများကို လုပ်ငန်းစီမံကိန်းများတွင် ထည့်သွင်းရန် ဆုံးဖြတ်ခြင်း၊

(ခ) နှစ်စဉ်၊ ကာလလတ်နှင့် ကာလရှည်စီမံကိန်းများတွင် လုပ်ငန်းစီမံကိန်းထည့်သွင်းရန် အဆိုပြုသည့်ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များ၏ လုပ်ငန်းစီမံကိန်းများအပေါ် အကြံပြုခြင်းနှင့် အတည်ပြုခြင်း၊

(ဂ) ပေါင်းစည်းစီမံကိန်းများဖြစ်ပေါ်ရေးအတွက် လမ်းညွှန်မှုပေးခြင်း၊

(ဃ) နိုင်ငံတော်၏ သယံဇာတအရင်းအမြစ်များကို ပတ်ဝန်းကျင် ထိရောက်မှုမရှိစေဘဲ အကျိုးရှိစွာ အသုံးချနိုင်မည့် လူမှုဖွံ့ဖြိုးရေး စီမံကိန်းများရေးဆွဲခြင်းနှင့် လုပ်ငန်းစီမံကိန်းများအတွက် လိုအပ်သည့် အရင်းအနှီးပမာဏ ရယူမည့်ဓာစ်မြစ်ကို လမ်းညွှန်မှုပြုခြင်း၊

(င) အမျိုးသားစီမံကိန်းများနှင့် ပင်မစီမံကိန်းများ အကောင်အထည်ဖော်မှုအပေါ် ပြန်လည်သုံးသပ်ခြင်း၊

(စ) သဘောတူပြီးသည့် လုပ်ငန်းစီမံကိန်းများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီသို့ တင်ပြအတည်ပြုချက်ရယူခြင်း။

၃။ နိုင်ငံတော်သမ္မတရုံး၏ ၅ - ၁ - ၂၀၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၀ / ၂၀၁၇ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ